လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ March 2026

# မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ အစည်းအဝေးကျင်းပ



**၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်** **နေပြည်တော်**

မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း ကသက်ကြီးပုဂ္ဂိုလ်များဘဝမြှင့်တင်ရေးနှင့် စောင့်ရှောက် ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့်ရှေ့ဆက်ဆောင်ရွက် ရမည့်လုပ်ငန်းများနှင့်ပတ်သက်ပြီးဆွေးနွေးရန်၊သက်ကြီး ပုဂ္ဂိုလ်များသည် အသက်အရွယ် အပိုင်းအခြားကြောင့် ဝင်ငွေရရှိမှု နည်းပါးခြင်း၊ နာတာရှည်ရောဂါအပါအဝင် မသန်စွမ်းမှုဆိုင်ရာများနှင့် ကြုံတွေ့ရခြင်း၊ မိသားစု ဖွဲ့စည်းပုံ ပြောင်းလဲမှုကြောင့် အထီးကျန်ဆန်မှုများ ခံစားနေရခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ် အခြေအနေများတွင် ထိခိုက်လွယ်ခြင်းတို့ကို ရင်ဆိုင်နေရ ပါကြောင်း၊ သက်ကြီး ပုဂ္ဂိုလ်များအတွက် ကျန်းမာရေး ဝန်ဆောင်မှုများ တိုးချဲ့ခြင်း၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုစနစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ကဏ္ဍအလိုက် သက်ကြီးပုဂ္ဂိုလ်များ ပါဝင်နိုင်ရေး အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ် အခြေအနေများတွင် သက်ကြီးပုဂ္ဂိုလ်များ အတွက် အထူးကာကွယ်ရေးအစီအစဉ်များ ထည့်သွင်း ပေးခြင်းနှင့် မိသားစု အခြေပြုစောင့်ရှောက်မှုကို အားပေး မြှင့်တင်ခြင်းနှင့် လူငယ်များအား သက်ကြီးပုဂ္ဂိုလ် စောင့်ရှောက်မှုလုပ်ငန်းများ အရေးပါမှုကို အသိပညာပေး ခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ မြန်မာ နိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည်သက်ကြီး ရွယ်အိုများဆိုင်ရာ ဥပဒေအရ ဖွဲ့စည်းထားသည့် ကော်မတီတစ်ရပ်ဖြစ်သည့်အတွက် ဥပဒေက အပ်နှင်း ထားသော တာဝန်နှင့် ဝတ္တရားများအတိုင်း သက်ကြီး ပုဂ္ဂိုလ်များ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွင့်အရေးများ ကို ဖော်ဆောင် ပေးကြရန် ပြောကြားခဲ့ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ လယ်ဝေးမြို့နယ်အတွင်းရှိ အသင့်တပ်ဆင် ကျေးလက်ကျန်းမာရေးဆေးခန်း အဆောက်အဦနှင့် စာသင်ဆောင် ဆောက်လုပ်ထားရှိမှုအား ကြည့်ရှုစစ်ဆေး



**၂၀၂၆ ခုနှစ်၊ မတ်လ ၅ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ၂၀၂၆ ခုနှစ်၊ မတ်လ ၅ ရက်တွင် နေပြည်တော် လယ်ဝေးမြို့နယ်၊ အောင်မြင်ကုန်းကျေးရွာတွင် ငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ထိုင်းနိုင်ငံက AHA Center မှတစ်ဆင့် ဆောက်လုပ်လှူဒါန်းထားသောအောင်မြင်ကုန်းကျေးရွာအသင့်တပ်ဆင် ကျေးလက် ကျန်းမာရေးဆေးခန်း အဆောက်အဦ ဆောက်လုပ်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသနေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ထိရောက်သော အထောက်အပံ့ဖြစ်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ထိုင်းနိုင်ငံမှအကူအညီ အထောက်အပံ့ကို လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့မှု အခြေအနေကို ကျေးရွာတာဝန်ရှိသူများအား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ထိုင်းနိုင်ငံ၏ အကူအညီအထောက်အပံ့ဖြင့်ပင် ဆောက်လုပ်ထားသော အလျား(၆၀) ပေ၊ အနံ (၃၀)ပေ အကျယ်အဝန်းရှိ အသင့်တပ်ဆင် စာသင်ကျောင်းဆောင်သို့ သွားရောက်ကြည့်ရှုပြီး ဆရာ/ ဆရာမများ၊ တာဝန်ရှိသူများအား မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အခြေခံအဆောက်အအုံများတွင် ပညာသင်ကြားရေးဆိုင်ရာ ကျောင်းဆောင်များလည်း ပါဝင်ခဲ့ရာ အာဆီယံဒေသတွင်း နိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများမှ ဆက်သွယ်လှူဒါန်းမှုများ ရှိသကဲ့သို့ AHA Center မှတစ်ဆင့် လှူဒါန်းမှုများလည်း ရှိခဲ့ကြောင်း၊ ယခုဆောက်လုပ်ထားသော စာသင်ကျောင်းဆောင်အပါအဝင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် အသင့်တပ်ဆင်စာသင်ဆောင်(၇)ဆောင်၊အသင့်တပ်ဆင် ကျေးလက် ကျန်းမာရေး ဆေးပေးခန်း (၁၀)ဆောင်၊ စုစုပေါင်း (၁၇)ဆောင်ကို ထိုင်းနိုင်ငံက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်ဘေးသင့်ပြည်သူများ၊ ကျောင်းသား/ ကျောင်းသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ပညာသင်ကြားမှုတို့တွင်များစွာအထောက်အကူဖြစ်သည့်အတွက် လှူဒါန်းအဆောက်အဦများကို အကျိုးရှိစွာ အသုံးပြုရန်နှင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက် ကြစေလိုကြောင်း မှာကြားခဲ့ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များ ကြည့်ရှုစစ်ဆေးခြင်းနှင့် ဦးစီးဌာနအရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံခြင်း




**၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်** **မွန်ပြည်နယ်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မွန်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး၊ ဦးတင်ဇော်ထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်တွင် လူမှုဝန်ထမ်းဦးစီးဌာန၊ မော်လမြိုင် လူငယ်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လူငယ်များ အကျင့်စာရိတ္တ ကောင်းမွန် စေရန်အတွက် အားပေးစကားပြောကြားပြီး လိုအပ်သည်များမှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၁၂) မူလတန်းကြိုကျောင်းများသို့ ရောက်ရှိပြီး မူကြိုအရွယ်ကလေးများအား အာဟာရ မုန့်ကျွေးမွေးခြင်း၊ ကလေးများ၏ ကဗျာရွတ်ဆို ခြင်းများအား အားပေးကြည့်ရှုခြင်း၊ ကလေးများ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုများအား ကောင်းလာစေရေးလိုအပ်သည်များမှာကြားခြင်း၊ကျောင်း၏ ဥပဒိရုပ်ကောင်းမွန်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနရုံးတွင် လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန များမှ အရာထမ်း၊ အမှုထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ပါသည်။

# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ



**၂၀၂၆ ခုနှစ်၊ မတ်လ ၈ ရက်** **နေပြည်တော်**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနား ကို ၂၀၂၆ ခုနှစ်၊ မတ်လ ၈ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဆောင်ပုဒ်မှာ "တရားမျှတမှုနဲ့ အခွင့်အရေးများရရှိရေး အမျိုးသမီးများ အားလုံးအတွက် ဆောင်ရွက်ပေး" ဖြစ်ပါကြောင်း၊ ဆောင်ပုဒ်၏ ဆိုလိုချက်အရ အမျိုးသမီးများနှင့်ပတ်သက်ပြီး တန်းတူညီမျှမှုနှင့် တရားမျှတမှုရရှိစေရန်၊ ဥပဒေပြဋ္ဌာန်းချက် များကို သိရှိပြီး လေးစားလိုက်နာစေရန်၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် အတားအဆီးများကိုဖယ်ရှား စေပြီးအနာဂတ်တိုးတက် မြင့်မားစေရန်အတွက် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ ဖြစ်သည်နှင့်အညီ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင် အမှတ် (၅) ဖြစ်သည့် ကျား၊ မတန်းတူညီမျှရေးနှင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရေး လုပ်ငန်းစဉ်များ၊ ကမ္ဘာ့အမျိုးသမီးညီလာခံနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ လုပ်ငန်းအစီအစဉ်များကို နိုင်ငံတော်၏မူဝါဒနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေသည် သန်း (၈)ထောင်ကျော်ရှိသည့်အနက် အမျိုးသမီးဦးရေသည် (၄၉.၇၄) ရာခိုင်နှုန်းရှိပါကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် အမျိုးသမီးများ ရင်ဆိုင်နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကိုတုံ့ပြန်ဆောင်ရွက်နိုင်ရန် အမျိုးသမီးများ၏ စွမ်းရည်များနှင့် အရည်အသွေးများကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသော်လည်း တစ်ဖက်တွင် နည်းမျိုးစုံနှင့်ခွဲခြား ဆက်ဆံမှုများ၊ စိန်ခေါ်မှုများကို ကြုံတွေ့နေရသည့် မိန်းကလေးငယ်များလည်း ရှိနေပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာအရ မြန်မာနိုင်ငံ၏စုစုပေါင်းလူဦးရေမှာ ၅၁ ဒသမ ၄ သန်းရှိပြီး အမျိုးသမီးဦးရေသည် ၅၃ ရာခိုင်နှုန်းရှိပါကြောင်း၊ မြန်မာအမျိုးသမီးများသည် ရှေးအစဉ်အလာကတည်းက အမျိုးသားများနည်းတူ သာတူညီမျှ လူ့အခွင့်အရေးများကို ယနေ့အထိ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီစွာခံစား နေကြသည်ကို အားလုံးလည်းသိရှိပြီးဖြစ်ပါကြောင်း၊ ကျား-မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများအားလုံး စွမ်းပကားမြင့်မားရေး ဆောင်ရွက်ချက်များကို ထိရောက် အောင်မြင်နိုင်ရန် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပုံစံအားလုံးကို အဆုံးသတ်စေရေး လုပ်ငန်းစဉ်များသည်လည်း အဓိက အရေးပါကြောင်း၊ အကြမ်းဖက်မှုကြုံတွေ့ရပါက လိုအပ်သည့် ဝန်ဆောင်မှုများ လက်လှမ်းမီရရှိ နိုင်ရေးအတွက် သတင်းပို့တိုင်ကြားနိုင်ရန် Helpline ဖုန်း ၁၅၆၆ ဖြင့် ၂၄ နာရီ ဝန်ဆောင်မှု

ပေးလျက်ရှိပါကြောင်း၊ မြန်မာအမျိုးသမီးထုကြီး အားလုံး၏ အခွင့်အရေးများ အပြည့်အဝရရှိခံစား နိုင်စေရေးနှင့် နိုင်ငံတကာနှင့်ထားရှိသည့် ကတိကဝတ်များ၊ စီမံချက်များကိုအကောင်အထည်ဖော်နိုင်ရန်ဝန်ကြီးဌာနအသီးသီးနှင့် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးက ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအလိုက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာ စီမံကိန်း (NSPAW) ပါ နယ်ပယ်များနှင့် ချိတ်ဆက်ဆောင်ရွက် သွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

## အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



**၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်** **နေပြည်တော်**

မြန်မာနိုင်ငံကလေး အလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အဆိုးရွားဆုံး ပုံစံဖြင့် ခိုင်းစေခြင်းခံရသောကလေး အလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်း ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ရာလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ဒုတိယဝန်ကြီးက အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေး အလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်း ကော်မတီကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အမိန့်ကြော်ငြာ စာအမှတ် ၁၁၅/၂၀၂၆ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း၊ လုပ်ငန်းဆပ်ကော်မတီ ၁၅ခု ကိုလည်း နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် ပုံမှန်အစည်းအဝေးများကျင်းပခြင်း၊အန္တရာယ်ရှိသောလုပ်ငန်းခွင်မှ ကလေးလုပ်သားများကိုဖယ်ရှား၍ ခိုင်းစေသူကို ဥပဒေနှင့်အညီ စစ်ဆေးအရေးယူခြင်း၊ ညွှန်းပို့စနစ် ဆောင်ရွက်ခြင်း၊ အရည်အသွေးပြည့်မီသော အခမဲ့ပညာသင်ကြားနိုင်ရေးချိတ်ဆက်ပေးခြင်း၊ကျောင်းပြင်ပရောက်လူငယ်များအတွက်သက်မွေးပညာသင်တန်းများစဉ်ဆက်မပြတ်ဖွင့်လှစ်ပေးခြင်း၊ ကလေးအလုပ်သမားများအတွက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး အစီအစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်း တာဝန်များ ချမှတ် ဆောင်ရွက်နေပါကြောင်း၊ နှစ်စဉ် ဘဏ္ဍာနှစ် အလိုက် ကလေးလုပ်သားစသည့် စစ်တမ်းအစီရင်ခံစာ အရ တိုင်းဒေသကြီး/ ပြည်နယ်တို့မှ အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်လျက်ရှိသော ကလေး အလုပ်သမားများကို တိုင်းဒေသကြီး/ ပြည်နယ် လူမှုဝန်ထမ်းရုံးများမှ လူမှုဖြစ်ရပ် စီမံခန့်ခွဲသူများက

လူမှုဖြစ်ရပ်စီမံခန့်ခွဲမှု နည်းလမ်းများနှင့်အညီ ကွင်းဆင်းစိစစ်၍ လိုအပ်သည့်ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းကော်မတီ၏ နှစ်စဉ်အစီရင်ခံစာ၊ လစဉ်အစီရင်ခံစာများကို မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီသို့ ပုံမှန်ပေးပို့ တင်ပြလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် ဒုတိယ ငါးနှစ်လုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၈) တွင် ပါရှိသော လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် ထိခိုက်လွယ်အုပ်စုများကို ထောက်ပံ့ကူညီမှုများဆောင်ရွက်ရာတွင်ကိုယ်ဝန်ဆောင်မိခင်များအပါအဝင် အသက်အုပ်စုအလိုက် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သူများ၊ မသန်စွမ်းသူများ၊ သက်ကြီးပုဂ္ဂိုလ်များကို ကဏ္ဍအလိုက် ကူညီစောင့်ရှောက်မှုများ ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ကလေးသူငယ်များကို အဆိုးရွားဆုံး ပုံစံဖြင့် ခိုင်းစေခြင်းမှ ကာကွယ်တားဆီးရန်နှင့် ခိုင်းစေသူကို ထိရောက်သော ပြစ်ဒဏ်ပေးရန်ဖြစ်ပါကြောင်း၊ ကလေးသူငယ်များအပေါ်ပုံစံအမျိုးမျိုးဖြင့် အသုံးချမှုများ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများမရှိစေရေး ကာကွယ်တားဆီးမှုများ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊အဓိကအားဖြင့် အလုပ်ရှင်များအား ဥပဒေပိုင်းဆိုင်ရာ အသိပညာများ ပေးရန်နှင့် မိဘများအတွက် ပုံမှန်ဝင်ငွေရရှိစေရေး အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးမှာကြားခဲ့ပါသည်။

## စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်းအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ





**၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက်** **နေပြည်တော်**

စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေး အသင်းအဖွဲ့များ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက်တွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ကယနေ့ကမ္ဘာတွင် တိုးတက်တီထွင်မှုနှင့်အတူဓာတုဗေဒဆေးဝါးမျိုးစုံ ပေါ်ပေါက်လာသောကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှု၊ ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုစသည့် မူးယစ်ဆေးဝါးပြဿနာမျိုးစုံသည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံ အသီးသီး၌ ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ အခြေခံစီးပွားရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို ထိခိုက်ပျက်စီးစေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ပြဿနာကို ကာကွယ်ထိန်းချုပ်နိုင်ရန် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ကြိုးပမ်းလျက်ရှိပါကြောင်း၊ပြန်လည်ထူထောင်ရေး ဦးစီးဌာနတွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး စခန်း (၁၄) ခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်မှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအထိ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်း (၄၃)

ကြိမ်တွင် သင်တန်းသား/ သူ စုစုပေါင်း (၁၀၆၁) ဦးအား သင်တန်းပို့ချပေးနိုင်ခဲ့ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင်မူးယစ်ဆေးဝါးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေသည့် အစိုးရဌာနများနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအား ညှိနှိုင်းဆွေးနွေးလျက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာသူများက ကိုယ်စီအတွေ့အကြုံများကို အချင်းချင်းဖလှယ်ရင်းဆွေးနွေးပွဲမှရရှိလာသည့်အသိပညာဗဟုသုတ၊ အတွေ့အကြုံ၊ ကွန်ရက်ချိတ်ဆက်မှုများအား အနာဂတ်အတွက် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသုံးချသင့်ကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

## “လူကုန်ကူးမှုများနှင့်ပတ်သက်သည့် တရားစီရင်ရေးလုပ်ငန်းစဉ်များနှင့် တရားစီရင်ရေးလုပ်ငန်းစဉ် အတွင်း လူကုန်ကူးခံရသူများအား အကာအကွယ်ပေးခြင်းဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း” ဖွင့်ပွဲအခမ်းအနားကျင်းပ



**၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်** **နေပြည်တော်**

“လူကုန်ကူးမှုများနှင့် ပတ်သက်သည့် တရားစီရင်ရေးလုပ်ငန်းစဉ်များနှင့် တရားစီရင်ရေး လုပ်ငန်းစဉ် အတွင်း လူကုန်ကူးခံရသူများအား အကာအကွယ်ပေးခြင်းဆိုင်ရာ စွမ်းရည်မြှင့် သင်တန်း”ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်၊ Hotel Max ၌ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်တွင် ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဒေါက်တာသန်းစိုးက လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ဆောင်ရွက်နေကြောင်း၊ လူကုန်ကူးခံရသူအဖြစ် စိစစ် သတ်မှတ်ခြင်းလုပ်ငန်းစဉ်မှစ၍ လွှဲပြောင်းလက်ခံခြင်း၊ လက်ခံစောင့်ရှောက်ခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်းတို့ကို အစိုးရဌာနများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်မှု ပုံစံဖြင့် တရားစွဲဆိုရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်၊ တရားစီရင်ရေးစနစ်တွင် လူကုန်ကူးခံရသူများမှ ပူးပေါင်းဆောင်ရွက်လာစေရန်၊ လူကုန်ကူးမှုများနှင့်စပ်လျဉ်းသည့် တရားစွဲဆိုရေး လုပ်ငန်းစဉ်များ၊

တရားစွဲဆိုရေးလုပ်ငန်းစဉ်အတွင်း ဆောင်ရွက် ပေးရမည့် ကာကွယ်စောင့်ရှောက်မှုအစီအမံများ၊ ဥပဒေနှင့် အညီ ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများကို သိရှိစေရန်စသည့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အပါအဝင် တာဝန်ရှိဌာန အသီးသီးက မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်းပါ လုပ်ငန်းစီမံချက် လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးခံရသူများအား ကာကွယ် စောင့်ရှောက်ပေးခြင်းဆိုင်ရာ နိုင်ငံတကာ ကွန်ဗင်းရှင်းနှင့် သဘောတူစာချုပ်များပါ အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေနှင့် တရားစီရင်ရေးလုပ်ငန်းစဉ်များအရ ဆောင်ရွက်ရန်နှင့် ရှောင်ကြဉ်ရန်များကို သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း နှင့် သင်တန်းမှရရှိသည့် အသိပညာဗဟုသုတများကို လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် ပြန်လည် အသုံးချ သွားရန် လိုအပ်ပါကြောင်း မှာကြားခဲ့ပါသည်။

**ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး (၃၃) ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှုအစည်းအဝေးနှင့် မြန်မာ-ထိုင်း ဖြစ်ရပ်စီမံခန့်ခွဲခြင်းနှင့် လူကုန်ကူးခံရသူများအားပြန်လည်ပို့ဆောင်ခြင်းနှင့်ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းဆိုင်ရာ နှစ်နိုင်ငံစံလုပ်ငန်းအစီအစဉ် ပြန်လည်သုံးသပ်သည့်အစည်းအဝေးဖွင့်ပွဲသို့ တက်ရောက်**




**၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်** **ရန်ကုန်တိုင်းဒေသကြီး**

(၃၃) ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူး ခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု ညှိနှိုင်းအစည်း အဝေးနှင့် မြန်မာ-ထိုင်း ဖြစ်ရပ်စီမံခန့်ခွဲခြင်းနှင့်လူကုန်ကူး ခံရသူများအား ပြန်လည်ပို့ဆောင်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ ပေါင်းစည်းခြင်းဆိုင်ရာ နှစ်နိုင်ငံ စံလုပ်ငန်းအစီအစဉ် ပြန်လည်သုံးသပ်သည့်အစည်းအဝေးဖွင့်ပွဲ အခမ်းအနား ကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်တွင် ရန်ကုန်မြို့၊ Parkroyal Hotel ၌ ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နှစ်နိုင်ငံအကြားတွင် ၂၀၀၉ ခုနှစ်၊ ဧပြီ (၁၉) ရက်မှ စတင်၍ မြန်မာ-ထိုင်း လူကုန်ကူးမှုတိုက်ဖျက်ရေး ဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး ခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို ထိုင်းနိုင်ငံအပါအဝင် ဒေသ တွင်းနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိရာတွင် အောင်မြင်သောရလာဒ်ကောင်းများစွာရရှိလျက်

ရှိသလို စိန်ခေါ်မှုများလည်းရှိနေပါကြောင်း၊ လူကုန်ကူး ခံရသူများအား ကာကွယ်စောင့်ရှောက်နေသူများ အနေဖြင့် လူကုန်ကူးခံရသူတစ်ဦးချင်းစီ၏ လိုအပ်ချက်များအရ ကူညီစောင့်ရှောက်မှုများကို ပူးပေါင်းဖြေရှင်း ဆောင်ရွက်ကြသကဲ့သို့ ကာကွယ် တားဆီးရေးလုပ်ငန်းများအားလည်း တိုးမြှင့်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ စောင့်ရှောက်မှု ခံယူရချိန်တိုတောင်းရေးအတွက် နှစ်နိုင်ငံ တာဝန်ရှိသူများက ပူးပေါင်းပံ့ပိုးကြစေလိုပါကြောင်း၊ ထပ်မံ၍လူကုန်ကူးမှုမခံရစေရေးအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ဝိုင်းဝန်းကူညီကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ နှစ်နိုင်ငံ၏ဘုံရည်မှန်းချက်ဖြစ်သည့် လူကုန်ကူးခံရသူ၏အကောင်းဆုံး အကျိုးစီးပွားကို အပြည့်အဝဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်းမှာကြားခဲ့ ပါသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Ms. Sunee Srisangatrakullert ကလည်း ထိုင်းနိုင်ငံသို့ ရောက်ရှိလာသည့် လူကုန်ကူးခံရသူများအား အတတ်နိုင်ဆုံး၊ အကောင်းဆုံး ပံ့ပိုးကူညီလျက်ရှိကြောင်း၊ နှစ်နိုင်ငံရင်းနှီးချစ်ကြည်စွာဖြင့် လူကုန်ကူးမှု တိုက်ဖျက်ရေး၊ လူကုန်ကူး ခံရသူများ နစ်နာမှုအနည်းဆုံးဖြစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း ဆက်လက် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

## ကယားပြည်နယ်အတွင်းရှိ ထိခိုက်လွယ်အုပ်စုဝင်များသို့ ထောက်ပံ့ကြေးငွေပေးအပ်ချီးမြှင့်ခြင်းအခမ်းအနား




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီး ဌာနအစီအစဉ်ဖြင့် ကယားပြည်နယ်အတွင်းရှိ ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် အသက် (၇၀) နှစ် နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသည့် အသက် (၅) နှစ်အောက်ကလေးများ၊ မသန်စွမ်းသူများအား ချီးမြှင့်ငွေပေးအပ်ခြင်း အခမ်းအနား ကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ ရက်တွင် လွိုင်ကော်မြို့၊ ကယား ပြည်နယ် ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးစိန်ဦးမှ အဖွင့်အမှာစကားပြောကြားပြီး လွိုင်ကော်မြို့နယ်ရှိ ထိခိုက်လွယ် အုပ်စုဝင်များအတွက် ချီးမြှင့်ငွေများကို ပေးအပ်ခဲ့ပါသည်။

## ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို တိုင်းဒေသကြီး/ ပြည်နယ်များ၌ ကျင်းပပြုလုပ်

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ်လ ၈ ရက်တွင် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ပြည်နယ်များ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာမှ အကြီးအကဲများ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာကော်မတီမှ အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းရုံးမှ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီနှင့် အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည် ကုစားရေးလုပ်ငန်းကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်တွင် ကရင်ပြည်နယ်၊ လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ကရင်ပြည်နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်း ခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီဝင်များနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုယ်စားလှယ်များ စုစုပေါင်း (၂၅) ဦး တက်ရောက်ခဲ့ကြပြီး ကရင်ပြည်နယ် ကလေး သူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီနှင့် အဆိုးရွား ဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး ပြည်နယ်လုပ်ငန်း ကော်မတီတို့၏လုပ်ငန်းဆောင်ရွက်မှုများ၊ကရင်ပြည်နယ် အတွင်းရှိ ကလေးသူငယ်များ၏ အခွင့်အရေးများ ကောင်းမွန်စွာရရှိရေးနှင့် အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်း ခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေး ဆောင်ရွက်ချက်များ၊ သက်ဆိုင်ရာဌာနများမှ ပူးပေါင်း ဆောင်ရွက်ရမည့်အခြေအနေများ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြပါသည်။

## ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှုနှင့် တိုင်ကြားမှု ယန္တရားများအကြောင်းနှင့် ကျား-မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ အကြောင်းအရာများအား အသိပညာပေးဟောပြောပွဲ

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော် မှုနှင့် တိုင်ကြားမှုယန္တရားများ အကြောင်းနှင့် ကျား-မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အကြောင်းအရာများအား အသိပညာပေး ဟောပြောပွဲကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက်တွင် မုံရွာခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ရုံး၌လည်းကောင်း၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်တွင် မုံရွာမြို့၊ လူမှုဝန်ထမ်းရုံး၌လည်းကောင်း ကျင်းပခဲ့ရာ အိမ်တွင်းအကြမ်းဖက်မှုများ၊ လိင်ပိုင်းဆိုင်ရာအလွဲသုံးစား ပြုမှုများနှင့် အကြမ်းဖက်မှုများလျော့နည်းစေပြီး ကလေး သူငယ်ကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများ သိရှိ စေရန်နှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု များ ဖြစ်ပွားလာပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ကျား-မအခြေပြု အကြမ်းဖက်မှုဆိုင်ရာများ ဖြစ်ပွား လာပါက ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ဆက်သွယ် ဆောင်ရွက်ရမည့် case manger ဖုန်းနံပါတ်များ၊ ချိတ်ဆက်ညွှန်းပို့ နိုင်ပါကြောင်းနှင့် လူမှုဝန်ထမ်း လုပ်ငန်းစဉ်များကို အသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။



## ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (အခြေခံ) သင်တန်းဆင်းပွဲကျင်းပ



စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးက ဖွင့်လှစ်သည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (အခြေခံ) သင်တန်းဆင်းပွဲကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့၊ ချင်းတွင်းခန်းမ၌ ကျင်းပခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ လူမှုရေးရာဝန်ကြီးက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး တရားသူကြီးချုပ်မှ သင်တန်းနည်းပြဆရာမကြီး ဒေါ်ခင်နွဲ့ (ညွှန်ကြားရေးမှူး၊ ငြိမ်း) ထံသို့ ဂုဏ်ပြု ချီးမြှင့် ငွေသုံးသိန်းကျပ်တိတိကိုလည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှ အကနည်းပြဆရာ ဒေါ်ချိုတာလွင်ထံသို့ ဂုဏ်ပြုချီးမြှင့်ငွေ သုံးသိန်းကျပ်တိတိကိုလည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးမှ ခြင်းတောင်းယက်နည်းပြဆရာမ ဒေါ်အေးမြတ်သီတာမိုး ထံသို့ ဂုဏ်ပြုချီးမြှင့်ငွေ သုံးသိန်းကျပ်တိတိကိုလည်းကောင်း၊ တိုင်းဒေသကြီးဥပဒေချုပ်မှ Eco Printနှင့် Tie Dye သင်တန်း သင်တန်းနည်းပြဆရာမ ဒေါ်နီလာလှိုင်ထံသို့ ဂုဏ်ပြု ချီးမြှင့်ငွေ တစ်သိန်းကျပ်တိတိကိုလည်းကောင်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးမှ သင်တန်းသူ များကိုယ်စား သင်တန်းသူ (၂) ဦးအား သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း ပေးအပ် ချီးမြှင့်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၊ ညွှန်ကြားရေးမှူးမှသင်တန်းဆင်းအစီရင်ခံစာကို ရှင်းလင်းတင်ပြခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးတွင် အမျိုးသမီးသက်မွေးအတတ်ပညာများဖြစ်သည့် Eco Print သင်တန်း၊ ခြင်းယက်လုပ်နည်းသင်တန်းများဖွင့်လှစ်

အမျိုးသမီးသက်မွေး အတတ်ပညာများဖြစ်သည့် Eco Print သင်တန်းနှင့် ခြင်းယက်လုပ်နည်း သင်တန်းများကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံးတွင် ဖွင့်လှစ်ခဲ့ရာ ခြင်းယက်လုပ်နည်း သင်တန်းကို မန္တလေးမြို့၊ အမျိုးသမီးသက်မွေးပညာသင်ကျောင်းမှ ဆရာမမှ လည်းကောင်း၊ Eco Print သင်တန်းကို စစ်ကိုင်းတိုင်း ဒေသကြီး၊ လူမှုဝန်ထမ်းရုံးမှ ဆရာမမှလည်းကောင်း သင်တန်းပို့ချပေးသွားမည်ဖြစ်ပါသည်။




## အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အကြို လှုပ်ရှားမှုအဖြစ် ရပ်ရွာအခြေပြု Ready to Wear စက်ချုပ်သင်တန်းဖွင့်လှစ်



၂၀၂၆ ခုနှစ်၊ မတ်လ ၈ ရက်တွင် ကျရောက်ခဲ့သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အကြို လှုပ်ရှားမှုအဖြစ် ရပ်ရွာအခြေပြု Ready to Wear စက်ချုပ်သင်တန်းကို ၂၀၂၆ ခုနှစ် မတ်လ ၄ ရက်မှ ၁၃ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ တွန်ပလွန်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ရာသင်တန်းဆင်းပွဲသို့ဧရာဝတီ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး တွန်ပလွန်ကျေးရွာမှ ရာအိမ်မှူးက ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ မတ်လအတွင်း သဘာဝဘေးအသိပညာပေး ဟောပြောပွဲပြုလုပ်ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ မတ်လတွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ (၃) မိုင်မြို့နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်တန်းကျောင်းနှင့် ကြာကန်ကျေးရွာအုပ်စု၊ မူလတန်းကြိုကျောင်းတို့၌လည်းကောင်း၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ တောင်ကလေးအုပ်စု၊ဖူးပွင့်ရတနာမူကြိုကျောင်းနှင့် အမှတ် (၁၂၃) ရပ်ကွက်၊ ရှမ်းမမြောင်အုပ်စု အတွင်းရှိ ကျေးရွာများ၊ ဆောင်ဘုံအုပ်စုအတွင်းရှိ ကျေးရွာများ၊ ရွှေဖံအိုးအုပ်စုအတွင်းရှိ ကျေးရွာများ၊ ဝဝန်ကြို့ကုန်းအုပ်စုနှင့် ဇီးဖြူကွင်းအုပ်စုအတွင်းရှိ ကျေးရွာများ၌လည်းကောင်း၊ ဘိုကလေးမြို့အတွင်းရှိ ရပ်ကွက်များနှင့်ကျေးရွာများ၌လည်းကောင်း၊ ကန်ကြီးထောင့်မြို့နယ်၊ အပင်နှစ်ဆယ်ကျေးရွာအုပ်စု၊ အပင်နှစ်ဆယ် ကျေးရွာနှင့်ဘုန်းတော်ကြီးကျောင်း၊ ပုသိမ်မြို့နယ်၊ ရွာသစ်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာနှင့် ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံတို့၌လည်းကောင်း၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်အတွင်းရှိ ကျေးရွာများ၊ ကျိုက်လတ်မြို့နယ်၊ သာယာဝဲအုပ်စု၊ သာယာဝဲကျေးရွာနှင့် ကလပ်ရပ်အုပ်စု၊ ကလပ်ရပ်ကျေးရွာများ၌လည်းကောင်း၊ ပုသိမ်မြို့၊ အမှတ် (၁၂) ရပ်ကွက်နှင့် ကျောက်ချောင်းကြီးကျေးရွာ၊ ရွှေပြည်သာဈေး၊ ရေပေါ်ဈေး၊ သင်္ဘောဆိပ်၊ ကားဂိတ်များ၊ ငွေဆောင်မြို့၊ ကိုးဆူ (စံပြ) ကျေးရွာအုပ်စုနှင့် ငွေဆောင်မြို့တို့၌လည်းကောင်း၊ အိမ်မဲမြို့နယ်၊ ဘုရားကြီးကုန်းကျေးရွာအုပ်စု၊ ဆင်တိုးကျေးရွာ၊ ရေသိုးညောင်ဝိုင်းအုပ်စု၊ ရေသိုးကျေးရွာ၊ မြို့ဦးဘုန်းတော်ကြီးကျောင်း၊ ပါရမီဒေါင့်ကျေးရွာအုပ်စု၊ မှော်ကျွန်းစုကျေးရွာ၊ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၊ ကမန်းတောင်ကျေးရွာအုပ်စု၊ အုန်းတောစုကျေးရွာ၊ တကောကျေးရွာအုပ်စု၊ ကံစုကျေးရွာတို့၌လည်းကောင်း၊ မြောင်းမြမြို့နယ်အတွင်းရှိ ကျေးရွာများ၌လည်းကောင်း ဆရာ/ ဆရာမများ၊ ကျောင်းသား/သူများနှင့် ကျေးရွာသူ/ သားများအား သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ မတ်လတွင် မကွေးတိုင်းဒေသကြီး၊နတ်မောက်မြို့နယ်၊ပိတောက်ငုတ်ကျေးရွာ၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်များ၊ မြို့သစ်မြို့နယ်၊ မြို့ပေါ် (၅) ရပ်ကွက်၊ မကွေးမြို့နယ်၊ ချမ်းမြေ့သာယာကျေးရွာနှင့် သရက်မြို့နယ် အတွင်းရှိ ရပ်ကွက်များ၌လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သပြေစမ်းကျေးရွာအုပ်စု၊ အောင်သီရိကျေးရွာ၊ သစ်ယာကုန်းကျေးရွာအုပ်စုနှင့် ကြိမ်တောမျှောင်ကျေးရွာ၊ဥတ္တရသီရိမြို့နယ်၊သရက်တော

ကျေးရွာအုပ်စု၊ မိုးစွေကျေးရွာအုပ်စု၊ မိုးစွေကျေးရွာနှင့် လွင်သာယာကျေးရွာနှင့် ဥတ္တရသီရိရပ်ကွက်အတွင်းရှိ ကျေးရွာများ၊ တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် အနော်ရထာရပ်ကွက်၊ လယ်ဝေးမြို့မဈေးနှင့် ဒက္ခိဏာဈေး၊ ဇေယျာသီရိမြို့နယ် အတွင်းရှိ ကျေးရွာများ၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ကျေးရွာများ၊ ပျဉ်းမနားမြို့နယ် အတွင်းရှိ ကျေးရွာများ၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ရမည်းသင်းမြို့နယ်၊ရက်ကွက်များ၊သင်ပန်းကုန်း ကျေးရွာအုပ်စု၊ သင်ပန်းကုန်းကျေးရွာ၊ ချမ်းမြသာစည်မြို့နယ်၊ သူနာပြုတက္ကသိုလ် (မန္တလေး)၊ အောင်ပန်းမြေကိုယ်ပိုင် အထက်တန်းကျောင်း၊ မိတ္ထီလာမြို့နယ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မူလတန်း ကြိုကျောင်းနှင့် ကျေးရွာအုပ်စု (၁) စုမှ ကျေးရွာများ၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည် မြို့နယ်၊ ပတ္တာကျေးရွာ၊ ပြည်ပန်းကျေးရွာ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ Community centre နှင့် ရပ်ကွက်များ၊ ပျော်ဘွယ်မြို့နယ်၊ ကြက်တည်ကျေးရွာအုပ်စု၊ ကြက်တည်းကျေးရွာ၊ အုန်းပင်ကျေးရွာအုပ်စု၊ မင်းလှသာစည်ကျေးရွာ၊ ကျေးရွာအုပ်စု (၁) စုမှ ကျေးရွာများ၊ ဆူးချင်ကုန်း ကျေးရွာအုပ်စု၊ ဆူးချင်ကုန်းကျေးရွာ၊ ဝမ်းတွင်းမြို့နယ်၊ ဘုရားစုကျေးရွာအုပ်စု၊ ဘုရားကျေးရွာနှင့် ရပ်ကွက်များ၊ သာစည်မြို့နယ်ရှိ ကျေးရွာများ၊ မန္တလေးတိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (မန္တလေး)နှင့် မလှိုင်မြို့နယ်ရှိ ကျေးရွာများ၌ လည်းကောင်း၊ ကရင်ပြည်နယ်၊ ဇမ္ဗူမြိုင်စာသင်တိုက်နှင့် ကော့ကသောင်ကျေးရွာတို့လည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံ (ဆိပ်ကမ်း) မြို့နယ်၊ ရွှေသံလွင် ဘိုးဘွားရိပ်သာတို့၌ လည်းကောင်း ဆရာ/ ဆရာမများ၊ ကျောင်းသား/ သူများနှင့် ကျေးရွာသူ/ သားများအား သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်း စာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ မတ်လအတွင်း သင်တန်းဖွင့်လှစ်မှုပြုလုပ်ခြင်း



နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ ပြန့်ပွားစေရန် ရည်ရွယ်၍ (၄-၃-၂၀၂၆) ရက်မှ (၆-၃-၂၀၂၆) ရက်အထိ သဘာဝဘေး လျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁/၂၀၂၆) ကို သင်တန်းသား/သူ စုစုပေါင်း (၃၀) ဦးတို့ဖြင့် သက်ဆိုင်ရာဌာနများနှင့်အတူပူးပေါင်း၍ ဖွင့်လှစ်ခဲ့ပါသည်။

နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန် ဆောင်ရွက်နိုင်ရန်နှင့် ဘေးအန္တရာယ်ဆိုင်ရာအသိပညာများပြန့်ပွားစေရန် ရည်ရွယ်၍ (၂၄-၃-၂၀၂၆) ရက်မှ (၂၆-၃-၂၀၂၆) ရက်အထိ သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအခြေခံ (ခရိုင်အဆင့်) သင်တန်း အမှတ်စဉ် (၁/၂၀၂၆) ကို သင်တန်းသား/ သူများဖြင့် သက်ဆိုင်ရာဌာနများနှင့်အတူ ပူးပေါင်း၍ ဖွင့်လှစ်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ မတ်လအတွင်း ဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ မတ်လတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်ခရိုင်၊ ဗဟန်းမြို့နယ်၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာနှင့် သူနာပြုတက္ကသိုလ်တို့၌ လည်းကောင်း၊ဧရာဝတီတိုင်းဒေသကြီး၊မြောင်းမြမြို့နယ်၊ သူနာပြု သင်တန်းကျောင်း၌လည်းကောင်း ငလျင်ဘေး အန္တရာယ်သဏ္ဌာန်တူ ဇာတ်တိုက် လေ့ကျင့်ခန်းအား အဘိုး/ အဘွားများ၊ ဆရာ/ ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ၊ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ မတ်လအတွင်း မီးဘေးထောက်ပံ့မှု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ မတ်လတွင် ပျဉ်းမနားမြို့နယ်၊ ကင်ပွန်းတန်းကျေးရွာအုပ်စု၊ အာဟာရ သုခဈေး၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ ညောင်ကိုင်း ကျေးရွာအုပ်စု၊ မြောက်ရွေးရွာစုကျေးရွာ၊ ရှောက်ကုန်း ကျေးရွာအုပ်စု၊ သာယာအေးကျေးရွာ၊ဒက္ခိဏသီရိမြို့နယ်၊ ကြာပင်အုပ်စု၊ အောင်သုခကျေးရွာ တို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီး မြို့နယ်၊ ဇီးချိုကုန်းကျေးရွာအုပ်စု၊ ဇီးချိုကုန်းကျေးရွာနှင့် မိတ္ထီလာခရိုင်၊မိတ္ထီလာမြို့နယ်၊ရန်မျိုးအောင်ရပ်ကွက်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ပုသိမ်မြို့နယ်၊ အမှတ် (၉) ရပ်ကွက်၊ ငပုတောမြို့နယ်၊ တောင်ကလေး အုပ်စု၊ မယ်သီလကျေးရွာနှင့် ကန်ကြီးထောင့်မြို့နယ်၊ ဒါးကကျေးရွာအုပ်စု၊ မြဝတီရပ်ကွက်တို့၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ လင့်မြင့်ကျေးရွာ အုပ်စု၊ လက်ဆည်ကန်ကျေးရွာ၌လည်းကောင်း လုံးဝ ပျက်စီး နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာ ဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ မတ်လအတွင်း ကမ်းပြိုဘေးထောက်ပံ့မှု



မအူပင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၄-၃-၂၀၂၆) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ တလုပ်လပ်အရှေ့ကျေးရွာအုပ်စု၊ တောင်ပိုင်းကျေးရွာ၌ ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့ခဲ့သည့် လူနေအိမ်များအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေနှင့် ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေတို့ကို (၁၆-၃-၂၀၂၆) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ မတ်လအတွင်း လေပြင်းဘေးထောက်ပံ့မှု ၁၄



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ မတ်လတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ လွှပုံကျေးရွာအုပ်စု၊ လွှပုံကျေးရွာ၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်အတွင်းနှင့်အင်္ဂပူမြို့နယ်၊တစ်တီတူးကွင်းကျေးရွာအုပ်စု၊ ထူးကြီးလေးကျေးရွာနှင့်ခွေးတောက်ချောင်းအုပ်စု၊ နံကပ်ကျေးရွာတို့၌လည်းကောင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးနေအိမ်များအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ မတ်လတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သပြေစမ်းကျေးရွာအုပ်စု၊ အောင်သီရိကျေးရွာနှင့် သပြေစမ်းကျေးရွာ၊ ဝဲကြီးကျေးရွာအုပ်စုနှင့် ဖြုတ်ခွဲကျေးရွာအုပ်စု၊ ဥတ္တရသီရိမြို့နယ်၊ သရက်တောကျေးရွာအုပ်စု၊ သရက်တောကျေးရွာနှင့် မသိမ်ကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်၊ သစ်ယာကုန်းကျေးရွာအုပ်စု၊ သရက်သမိန်ကျေးရွာနှင့် ကြိမ်တောမျှောင်ကျေးရွာ၊ မိုးစွေကျေးရွာအုပ်စု၊ မိုးစွေကျေးရွာ၊ လဲဝန်းကျေးရွာနှင့် လွင်သာယာကျေးရွာ၊ ဥတ္တရသီရိမြို့နယ်၊ သရက်တောကျေးရွာအုပ်စု၊ ပိုးစာတော ကျေးရွာတို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ဟင်္သာတခရိုင်၊လေးမျက်နှာမြို့နယ်၊မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာများ၊ ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ လည်းကောင်း လေပြင်းဘေးကြိုတင်ကာကွယ်နိုင်ရန်နှင့် အန္တရာယ်ကျရောက်မှု လျော့နည်းစေရန်ရည်ရွယ်၍ ပြန်လည်ပြုပြင်မွမ်းမံရန် လိုအပ်သောနေအိမ်များအတွက် ထရံ၊ ဝါး၊ ဓနိနှင့် သွပ်များ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ မတ်လအတွင်း ငလျင်ဘေးထောက်ပံ့မှု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ မတ်လတွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အောင်မြေသာစံမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်တို့၌ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီး ဘာသာရေးကျောင်းများအတွက် ကျောင်းဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ပျက်စီးနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်း ဖိုးထောက်ပံ့ငွေနှင့် သေဆုံးသူများအတွက် သေဆုံးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ မတ်လအတွင်း စက်ရေတွင်း တွင်းနက်တူးဖော်ဆောင်ရွက်မှု





မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၈-၃-၂၀၂၆) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ကမန်းတောင်ကျေးရွာအုပ်စု၊ အုန်းတောစုကျေးရွာ၌ (၄.၅"x 400') ရေတွင်းနက် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။

## မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းအဖွဲ့ (ဗဟို) ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကျင်းပ

မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ (ဗဟို) ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်တွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကိုယ်စား အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်က လက်ရှိကမ္ဘာတစ်ဝှမ်း ဒေသတွင်းနိုင်ငံများတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများ၊ မြေမြှုပ်မိုင်းနှင့် အခြားပေါက်ကွဲစေတတ်သော လက်နက်အန္တရာယ်များသည် လူသားများအတွက် ကြီးမားသည့် စိန်ခေါ်မှုများအဖြစ် ရှိနေပါကြောင်း၊ လူတစ်ဦးချင်းစီ၏ အသက်အိုးအိမ်စည်းစိမ်နှင့် ထိခိုက်ဒဏ်ရာရရှိမှုများသည် နောက်ဆက်တွဲအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုများနောက်ကျလျက်ရှိပါကြောင်း၊မိုင်းအန္တရာယ် အသိပညာပေး လုပ်ငန်းစဉ်များကို တူညီသောစံနှုန်းနှင့် တူညီသောသတင်းစကားများဖြင့် စနစ်တကျ လုပ်ဆောင်ကြရန်လိုအပ်ပါကြောင်း၊ပြန်လည်ထူထောင်ရေးဦးစီးဌာန အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ လက်ရှိအချိန်ထိ မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိ သူများအား တစ်ဦးလျှင် ကျပ် (၂) သိန်းနှုန်းထောက်ပံ့ပေးအပ်လျက်ရှိပါကြောင်း၊ မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ငွေကြေးထောက်ပံ့မှုအပြင် စိတ်ပိုင်းဆိုင်ရာ ဆွေးနွေးဖြေသိမ့်ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်တက်စေရန် ပံ့ပိုးခြင်းများ ဆောင်ရွက်ရန်လိုကြောင်း၊ ဗဟိုအဖွဲ့၏ လုပ်ဆောင်မှုများမှတစ်ဆင့် မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များ ပြုစုတင်ပြခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်ဖွဲ့စည်းသည့် လုပ်ငန်းအဖွဲ့များကပါ လိုက်ပါဆောင်ရွက်ခြင်းတို့ လိုအပ်မည်ဖြစ်ကြောင်း မှာကြားခဲ့ပါသည်။




## မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး)၌ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း (မန္တလေး) ၌ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၆)သင်တန်းဆင်းပွဲ အခမ်းအနား ကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး) ၌ ကျင်းပပြုလုပ်ခဲ့ရာ အောင်မြေသာစံခရိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး က မူးယစ်ဆေးဝါးသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုများစွာ ထိခိုက်စေလျက်ရှိနေသည်ကို တွေ့ရှိနေရပါကြောင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန အနေဖြင့်လည်း ဆေးကုသမှုခံယူပြီးသူများအား မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းရှင်းပြီး လူ့အဖွဲ့အစည်းအတွင်း ပြန်လည် နေထိုင်ဝင်ဆံ့လာစေရေးအတွက် ပြန်လည်ထူထောင်ပေးရန်၊ ဆေးကုသမှုခံယူပြီးသူများအား တစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးနှင့် ဝါသနာထုံမှုအပေါ်မူတည်၍ ကိုက်ညီသည့် အသက်မွေးဝမ်းကြောင်းပညာရပ်များ လေ့ကျင့်ပေးရန်၊ ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်နိုင်သည်အထိ လေ့ကျင့်ဆောင်ရွက်ပေးရန်၊ လေ့ကျင့်သင်ကြားပေးသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် မိမိဘဝမိမိရပ်တည်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ပြန်လည်ထူထောင်ရေး သင်တန်းများဖြစ်သည့် ဆံသပညာ၊ ဆိုင်ကယ်ပြုပြင်ရေးသင်တန်း၊ အိမ်တွင်း လျှပ်စစ်သွယ်တန်းနည်းပညာများကို သင်ကြားပေးခဲ့ခြင်းကြောင့် သင်တန်းသားများအနေဖြင့် မိမိတို့ရပ်ရွာ၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းသို့ ပြန်လည်ရောက်ရှိသည့်အခါ ဘဝတူလူငယ်များကို မူးယစ်ဆေးဝါး မသုံးစွဲမိစေရန် စည်းရုံးကာကွယ် ကူညီပေးကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။



ဆက်လက်၍ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းသင်တန်းသားများအား ယာယီလက်ခံစောင့်ရှောက်ရေး ဂေဟာမှ ဒုတိယညွှန်ကြားရေးမှူးက သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီးလက်ထောက်ညွှန်ကြားရေးမှူးက အသင်းအဖွဲ့ (၁) သင်းအား ထောက်ပံ့ငွေ ကျပ် (၁၀) သိန်းနှင့် နောက်ဆက်တွဲ စောင့်ရှောက်မှု ဆောင်ရွက်နိုင်ရန်အတွက် ကျပ်၁၂၀၀၀၀/- ပေးအပ်ခဲ့ပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မြစ်ကြီးနား) ၌ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မြစ်ကြီးနား) ၌ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်တွင် မြစ်ကြီးနားမြို့၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးသန်းအောင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင် ပြန်လည်ထူထောင်ရေး အဖွဲ့ကိုတာဝန်ယူဆောင်ရွက်လျက်ရှိပြီးပြန်လည်ထူထောင်ရေးဦးစီးဌာနက ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ် (၁၀)ရပ်အနက် မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်ထားပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ မူးယစ်ဆေးဖြတ်ကုသမှုခံယူပြီးသူများကိုပြန်လည်ထူထောင်ရေးစနစ်ဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းနှင့် နောက်ဆက်တွဲစောင့်ရှောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးနှင့် ပပျောက်ရေးလုပ်ငန်းများကို အစိုးရဌာနဆိုင်ရာများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ရပ်ရွာလူထုအားလုံး ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပါသည်။

## ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း (၁/၂၀၂၆) ဆင်းပွဲအခမ်းအနားကျင်းပ



ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း (၁/၂၀၂၆) ဆင်းပွဲအခမ်းအနားကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် ကျိုင်းတုံမြို့၊ လွိုင်မွေအုပ်စု၊ နှစ်သက်ဂေဟာ၌ ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်မြင့်က မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာတွင် အဆိုးဝါးဆုံးရင်ဆိုင်နေရသည့် တစ်နေ့တစ်ခြား ကြီးထွားလာသည့် ပြဿနာတစ်ခုဖြစ်ပြီး တစ်ကမ္ဘာလုံး နည်းမျိုးစုံ ရင်ဆိုင်ဖြေရှင်း နေရပါကြောင်း၊ နိုင်ငံအတွင်းအကြမ်းဖက်မှု၊ ငွေကြေးခဝါချမှု၊

တရားမဝင် ငွေကြေးစီးဆင်းမှု၊ အဂတိလိုက်စားမှု၊ အကျင့်ပျက် ခြစားမှုများနဲ့ နိုင်ငံဖြတ်ကျော်မှုခင်းများ ဖြစ်ပေါ်စေ နိုင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာ ထိန်းချုပ်နိုင်ရန်အတွက် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် နည်းလမ်းအမျိုးမျိုး၊ ကဏ္ဍအမျိုးမျိုးတွင် တက်ကြွစွာဆောင်ရွက်လျက်ရှိ ပါကြောင်း ပြောကြားခဲ့ပြီး အခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဗဟို) အတွင်းရေးမှူး ဦးအားလယ်မှ ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။

## မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသင်တန်း



မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းသင်တန်းအား မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မန်းသိရိန်ဓမ္မာရုံတွင် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်မှ ၁၂ ရက် အထိလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ် (၁၄) အခြေခံပညာ အထက်တန်းကျောင်းရှိ ပန်းမျိုးတစ်ရာခန်းမတွင် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်မှ ၁၉ ရက်အထိလည်းကောင်း ဖွင့်လှစ် ဆောင်ရွက်ခဲ့ပါသည်။

## သက်ကြီးပုဂ္ဂိုလ်များတွေ့ဆုံဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

၁၈




**၂၀၂၆ ခုနှစ်၊ မတ်လ ၉ ရက်** **နေပြည်တော်**

သက်ကြီးပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၆ ခုနှစ်၊ မတ်လ ၉ ရက်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ အမရာဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက သက်ကြီးပုဂ္ဂိုလ်များ၏ စကားသံများကို နားထောင်ပြီး လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်နိုင်စေရန်၊ လူ့အဖွဲ့အစည်းအတွင်း သက်ကြီးပုဂ္ဂိုလ်များ ပါဝင်ဆောင်ရွက်ခွင့် ရရှိနိုင်စေရန်၊ သက်ကြီးပုဂ္ဂိုလ်များအပေါ် အလေးထားမှုကို ပြသနိုင်စေရန်နှင့် သက်ကြီးများအချင်းချင်း တွေ့ဆုံခြင်းဖြင့် အတွေ့အကြုံများမျှဝေနိုင်စေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲများကို ရန်ကုန်မြို့၌ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်တွင် လည်းကောင်း၊ မန္တလေးမြို့၌ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်တွင် လည်းကောင်း ကျင်းပခဲ့ပြီး ဖြစ်ရာ ယခုနေပြည်တော်၌ တတိယအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ပါကြောင်း၊လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် သက်ကြီးပုဂ္ဂိုလ်များ စောင့်ရှောက်ရေးလုပ်ငန်းများကို ဘိုးဘွားရိပ်သာအခြေပြုစောင့်ရှောက်ခြင်း၊ရပ်ရွာအခြေပြု စောင့်ရှောက်ခြင်းနှင့် နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာများ ဖွင့်လှစ်စောင့်ရှောက်ခြင်း စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ကြီးသူများသည် နိုင်ငံတော်က အလေးထားတန်ဖိုးထားရသော အတွေ့အကြုံများစွာရှိသော နိုင်ငံသားများ ဖြစ်ကြပါကြောင်း၊ သက်ကြီးပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာမည့် အကြံပြုချက်များနှင့် ဆွေးနွေးချက်များကိုအခြေခံ၍သက်ကြီးပုဂ္ဂိုလ်များစောင့်ရှောက်ရေးနှင့် လူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများ ပိုမိုတိုးတက် ကောင်းမွန်စေရန် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

၁၉